WORLD KACHIN CONGRESS
WKC
contact@wkckachin.org

## ကချင်ပြည်နယ်တွင် အပစ်ခတ်ရပ်စဲရေး စာချုပ်ချိုးဖောက်မှု ၁၀ နှစ် ပြည့်ချိန် အရပ်သားများအပေါ် အကြမ်းဖက်ရက်စက်မှုများ ဆက်လက်ရှိနေခြင်းအပေါ် World Kachin Congress မှ ပြစ်တင် ရှုတ်ချလိုက်သည်။

၂၀၂၁ ခုနှစ် ဇွန်လ ၉ ရက်။

လွန်ခဲ့သည့် ဆယ်နှစ် ဤနေ့ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့အရှေ့ဖက် တာပိန်မြစ်တလျှောက်ရှိ KIA တပ်စခန်းများကို မြန်မာစစ်တပ်မှ စတင်တိုက်ခိုက်ခြင်းဖြင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် နှစ်ဘက်အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့သည်။ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ အရပ်သား ထောင်နှင့်ချီရွှေ့ပြောင်းခဲ့ပြီး မယုံကြည်မှုကို ပိုမိုနက်ရှိုင်းစေခဲ့သည်။လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြောင့် ကချင်လူမျိုးများသည်မိမိတို့၏ မိခင်မြေပေါ်တွင်ပင်လုံခြုံမှုကင်းမဲ့သည့် အခြေအနေဖြစ်လာခဲ့သည်။ ပြည်သူတစ်သိန်းကျော် အိုးအိမ်စွန့်ခွာခဲ့ရပြီး လူသားချင်းစာနာမှုအထောက်အပံ့များကို ပိတ်ပင်ထားခြင်းကြောင့်၊ အပြစ်မဲ့အရပ်သားများမှာ ပြင်းထန်စွာခံစားခဲ့ရပါသည်။

ဤနှစ်ပတ်လည် အထိမ်းအမှတ်နေ့တွင် World Kachin Congress မှ မြန်မာစစ်တပ်၏ ဆက်လက်ချိုးဖောက်တိုက်ခိုက်မှုများကို ပြင်းထန်စွာရှုတ်ချပြီး နိုင်ငံတကာမှ ချက်ချင်းအရေးယူဆောင်ရွက်မှုကို တောင်းဆိုလိုက်သည်။

ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းမှုကြောင့် အခြေအနေများကို ပိုမိုဆိုးရွားစေခဲ့သည့် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများမှာ ကျေးလက်ဒေသများအပြင်၊ ရန်ကုန်နှင့်မန္တလေးကဲ့သို့ သောမြို့ပြများ၏လမ်းမများပေါ်တွင်ယခုအခါဖြစ်ပွားလျက်ရှိနေပါသည်။

မြန်မာစစ်တပ်မှ "စည်းကမ်းရှိသော ဒီမိုကရေစီ" ဖြင့် အုပ်ချုပ်ရန် ရည်ရွယ်ကြောင်းကို ထိန်းသိမ်း ပြောဆိုထားသည်။ သို့ရာတွင် အရပ်သား ၈၀၀ ကျော်သတ်ဖြတ်ခံရမှု၊ ထောင်နှင့်ချီသော ဥပဒေမဲ့ဖမ်းဆီးမှုများသည် နိုင်ငံကို စစ်မှန်သည့်ဒီမိုကရေစီစနစ်သို့ ပြန်လည်အသက်သွင်းသွားရန်အတွက်ရိုးသားမှု မရှိကြောင်း ရှင်းလင်းစွာ ဖော်ပြနေသည်။ မြန်မာနိုင်ငံမှ သန်းနှင့် ချီသော ပြည်သူများထဲတွင် တစ်စိတ်တစ်ပိုင်းဖြစ်သောကချင်ပြည်နယ်ရှိအရပ်သားများမှာ ယနေ့အခါတွင် စိုးရိမ်ကြောက်လန့်မှုနှင့် နေထိုင်နေရပါသည်။ စစ်အုပ်စုဘက်မှ လုံခြုံရေးတပ်ဖွဲ့များသည် ပြည်သူများ၏ပိုင်ဆိုင်မှုကို ဖျက်စီးရန်၊ သိမ်းယူရန်နှင့် အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ဖမ်းဆီးရန် တပ်ဖွဲ့အင်အားများ တိုးချဲ့ချထားခဲ့ပါသည်။ စစ်အုပ်စုသည် ၎င်းတို့၏ ငြိမ်းချမ်းရေးသို့သွားရာ လမ်းပြမြေပုံနှင့်ပတ်သက်၍ မည်သည့်အခါမှရိုးသားခဲ့ခြင်း မရှိပေ။ ယင်းကိုမကြာသေးမီကငင်းတို့ ကျူးလွန်ခဲ့သောအပြုအမူများအားဖြင့်သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော ရက်စက်ကြမ်းကြုတ်မှုများကို ရှုတ်ချနေရုံမျှဖြင့် လုံလောက်မှု မရှိပါ။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ဆယ်စုနှစ်များစွာ အမြစ်တွယ်နေသောအပြစ်ပေးအရေးယူမှုများမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်အတွက် ခိုင်မာသော ခြေလှမ်းများ လှမ်းခြင်းအားဖြင့် တရားမဝင်စစ်အစိုးရ မရပ်တည်နိုင်ရန် ဖိအားပေး၍ပိုမိုလုပ်ဆောင်ရမည်။ ကမ္ဘာ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့် အာဆီယံ ကိုယ်စားလှယ်များအား အောက်ပါတို့ လုပ်ဆောင်ရန် တောင်းဆိုလိုက်သည်။

၁။ နိုင်ငံတော် စီမံခန့်ခွဲမှု ကောင်စီ ဟု ခေါ်သည့် စစ်အုပ်စုကိုနည်းမျိုးစုံဖြင့် ဆန့်ကျင်ပြီး ရွေးချယ်တင်မြောက်ခံထားရသော ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုလွှတ်တော်မှ ဒီမိုကရေစီ နည်းကျ ရွေးချယ်တင်မြောက်ထားသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အမျိုးသား ညွန့်ပေါင်းအစိုးရ(မြန်မာနိုင်ငံ) ကို အသိအမှတ်ပြုရန်။

၂။ ကမ္ဘာတစ်ဝှမ်း လက်နက်ပိတ်ဆို့မှုကို တောင်းဆိုထားသည့်ကုလသမဂ္ဂ အထွေထွေ ညီလာခံ မှ ရေးဆွဲထားသောဆုံးဖြတ်ချက်ကို လက်ခံရန်။

၃။ စစ်အုပ်စု၏ ခြိမ်းခြောက်မှုများကြောင့် ထွက်ပြေးလာကြသော တက်ကြွလှုပ်ရှားသူများနှင့် လေ့ကျင့်ထားသောအရပ်သားများအား ခိုလှုံခွင့်ပေးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့်အတူတကွ မပျက်မကွက်လက်တွဲလုပ်ဆောင်ရန်။

၄။ မင်းအောင်လှိုင်နှင့် မြန်မာစစ်တပ်တို့သည် ၎င်းတို့ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာ ရာဇဝတ် ခုံရုံးတွင် စစ်ဆေးတာဝန်ခံစေရန်အတွက်၊ မြန်မာနိုင်ငံတွင်ဖြစ်ပျက်နေသည့်အခြေအနေများကိုကိုးကားခြင်းအားဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှတဆင့် သေချာစွာလုပ်ဆောင်ရန်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ ဆွေးနွေးပြောဆိုမှုများကိုလုပ်ဆောင်ရာ၌ မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့် ကိုယ်စားလှယ်များဖြင့်သာ လုပ်ဆောင်ရမည်။ စစ်အုပ်စုနှင့်ဆက်သွယ်ဆက်ဆံမှုတည်ဆောက်ရန် ပြန်လည်ကြိုးစားခြင်းသည် ပိုမိုကွဲပြားမှုများကို ဖြစ်ပေါ်စေပါသည်။ မိမိတို့သည် စည်းလုံးညီညွတ်မှုကို လိုအပ်နေပြီး စစ်အုပ်စု၏သတ်ဖြတ်ဖျက်စီးမှုအစီအစဉ်များကိုအဆုံးသတ်စေရန်စုပေါင်းတုန့်ပြန်မှုတစ်ရပ်လိုလားပါသည်။

ဆက်သွယ်ရန်-

မစ္စတာ အင်ဆန်ဂွမ်ဆန် (USA) ဖုန်း +1 443 415 8683

မစ္စ မွန်းနေလီ (ထိုင်းနိုင်ငံ) ဖုန်း +66 85-523-3791

မစ္စ မရစ်ဆိုင်းဘူး (ဂျပန်) ဖုန်း +81 904 076 6579

မစ္စတာ ဘရန်နူးမရန် (နော်ဝေ) ဖုန်း +47 91528755